# ရတနာပုံဆရာဉ၏ မင်းကုသကွက်စိပ်အပြောက်အမွမ်း

အောင်မင်းနိုင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရတနာပုံဆရာဉ၏ မင်းကုသကွက်စိပ် အပြောက်အမွမ်းကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ တိမ်မြုပ်ပျောက်ကွယ်လု ဖြစ်နေသော ကွက်စိပ်စာပေကို လေ့လာလျှင် ဖြစ်နိုင်မည့်လေ့လာနည်းတစ်ခုကို ဖော်ထုတ်တင်ပြရန် ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုပါသည်။ ဆရာဇော်ဂျီက ပျို့ကဗျာကို အပြောက်အမွမ်းသဘောဖြင့် လေ့လာပြီး၊ ပျို့စာဆို၏ စွမ်းရည်ကို ဖော်ထုတ်ပြခဲ့ပါသည်။ ဆရာဇော်ဂျီ၏ အပြောက်အမွမ်းနည်းဖြင့် ကွက်စိပ်စာပေကို လေ့လာပြီး ကွပ်စိပ်စာဆိုတို့၏ စွမ်းရည်ကို လေ့လာအကဲဖြတ်နိုင်စေရန် ဤစာတမ်းက အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ဆိုချင်ပါသည်။

**သော့ချက်ဝေါဟာရများ**။ ။ ကွပ်စိပ်၊ အဖြူထည်၊ အပြောက်အမွမ်း၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံ

## နိဒါန်း

အပြောက်အမွမ်းဟူသောဝေါဟာရသည် စာပေလေ့လာမှုနယ်ပယ်သို့ ဝင်ရောက်ခဲ့သည်မှာ ဆရာဇော်ဂျီ၏ အားထုတ်လေ့လာမှုကြောင့်ဖြစ်ကြောင်း စာပေပညာရှင်များက မိန့်ဆိုကြပါသည်။ ဆရာဇော်ဂျီက ဥမ္မာဒန္တီပျို့ကို အမှာစာရေးရင်း ပျို့လေ့လာနည်းအသစ်တစ်ခုကို ဖော်ထုတ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဆရာဇော်ဂျီက ပျို့သည် အများအားဖြင့် ဘုရားဟောဇာတက၊ ဝတ္ထု၊ နိပါတ်များကို ဖွဲ့ဆိုကြခြင်းဖြစ်၍ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်များကို အထူးကြံစည်စိတ်ကူးစရာမလို၊ ရှိပြီးသားဇာတ်လမ်းဇာတ်ဆောင်၊ ကာလဒေသဝန်းကျင်အဖွဲ့တို့ကို ပင် ကဗျာအလင်္ကာများဖြင့် ရေးဖွဲ့ကြခြင်းဖြစ်ကြောင်း ဦးစွာရှင်းပြသည်။

> “နိပါတ်ဇာတ်ဝတ္ထုကို ဖွဲ့လေ့ရှိသော ပျို့စာဆိုသည် အထက်ဆိုခဲ့သည့်အတိုင်း မိမိဖွဲ့သောပျို့အတွက် ဇာတ်လမ်းကို လည်းကောင်း၊ ဇာတ်လိုက်ကိုလည်းကောင်း၊ ကာလဒေသကိုလည်းကောင်း၊ မူလ

* ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

> ဇာတ်ဝတ္ထုမှရပြီး ဖြစ်သည်။ ထိုအခါ ပို့စာဆို၏ တာဝန်တစ်ခုသည် ရပြီးဖြစ်သော ဇာတ်လမ်း၊ ဇာတ်လိုက်၊ ကာလဒေသတို့ကို တန်ဆာဆင်ရန်ဖြစ်သည်။ အဖြူထည်ကို အပြောက်အမွမ်း ဖြစ်အောင်ပြုသကဲ့သို့ ဖြစ်သည်။ အဖြူထည်ဟူသော စကားနှင့် အပြောက်အမွမ်း ဟူသောစကားတို့သည် ယေဘုယျအားဖြင့် ပန်းပုဆရာတို့၏ လက်သုံးစကားများ ဖြစ်သည်။ အချို့သော ဘုရားတန်ဆောင်းတို့၌ သစ်သားမုတ်တုရင်များသည် အရုပ် ကနုတ်မပါသောတုရင်များဖြစ်၍ အဖြူထည်တုရင်ဟု ခေါ်တတ်ကြသည်။ အချို့တုရင်များသည် အရုပ်ကနုတ်ပါသော တုရင်များဖြစ်၍ ထိုတုရင်မျိုးကို အပြောက်အမွမ်းတုရင်ဟု ခေါ်တတ်ကြသည်။ ပို့စာဆိုအဖို့မှာ မူလဇာတ်ဝတ္ထုသည် အဖြူထည်ဖြစ်သည်။ ပို့စာဆိုကောင်းသည် ထိုအဖြူထည်ကို အပြောက်အမွမ်းဖြစ်လာအောင် ဖွဲ့ဆိုတတ်သည်။”[၁]

မူလရှိပြီးဖြစ်သော ဇာတ်လမ်း၊ ဇာတ်ဆောင်ကာလဒေသဝန်းကျင်ကို စာဆို၏ စိတ်ကူး ဖြည့်စွက်ပြီး အဖြူထည်ကို အပြောက်အမွမ်းပြုရသောသဘောကို ပို့စာဆို၏ ဉာဏ်ရည်ဉာဏ်သွေးအဖြစ် ဆရာဇော်ဂျီက လေ့လာပြခြင်းဖြစ်ပါသည်။

ရတနာပုံဆရာဥ၏ မင်းကုသကွက်စိပ်ကို ဖတ်ရသောအခါ ဆရာဇော်ဂျီ၏ အဆိုအမိန့်နှင့် လေ့လာနည်းကိုသတိရမိပြီး ကွက်စိပ်စာပေကို အပြောက်အမွမ်း ရှုထောင့်မှ လေ့လာကြည့်လိုသည့်ဆန္ဒများ ပေါ်ပေါက်လာပြီး ယခုစာတမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

ပို့နှင့်ကွက်စိပ်သည် ဘုရားဟော နိပါတ်ဇာတ်ဝတ္ထုမှ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံကိုယူ၍ ရေးကြခြင်းဖြစ်သည်။ ပို့က ကဗျာစပ်ထုံးဘက်ကို အလေးမူပြီး၊ ကွက်စိပ်က လင်္ကာစပ်စကားပြေဘက်ကို အလေးမူထားခြင်းသာ ကွာခြားပါသည်။ ထို့ကြောင့် ပို့ကို အပြောက်အမွမ်းရှုထောင့်မှလေ့လာသကဲ့သို့ ကွက်စိပ်ကိုလည်း အပြောက်အမွမ်းသဘောဖြင့် လေ့လာကြည့်ရန် အားထုတ်ရင်း ဤစာတမ်း ဖြစ်ပေါ်လာရပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၇၈၊ ၃။

စာတမ်း၏ အချိန်အတိုင်းအတာအရ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလ ဒေသနောက်ခံ တို့ကို တစ်ခန်းချင်းအသေးစိတ်မဖော်ပြနိုင်ဘဲ၊ ကောင်းကွက်လှကွက် အနည်းငယ်သာ ထုတ်နုတ်ပြီး လေ့လာ တင်ပြနိုင်ပါသည်။ မင်းကုသကွက်စိပ်သည် အကျယ်လေ့လာလျှင် အပြောက်အမွမ်း တစ်ခုတည်းနှင့်ပင် ကျမ်းတစ်စောင် ဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဤစာတမ်းသည် မင်းကုသ ကွက်စိပ်အပြောက်အမွမ်း လေ့လာချက်နိဒါန်းမျှသာ မှတ်ယူစေလိုပါသည်။

## ၁။ ကွက်စိပ်ဟူသည်

ကွက်စိပ်၏ အဓိပ္ပာယ်ကို ခရီးဆောင်မြန်မာအဘိဓာန်တွင်၊

> "ရှေးဟောင်းပုံပြင်စသည်မှ ဇာတ်ဆောင်အမျိုးမျိုး၏ ဟန်အမူအရာ အသံနေအသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော်ရွတ်ဆို ဟောပြောချက်။" [၁]

ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

"မြန်မာကွက်စိပ်စာပေ" စာတမ်းကိုပြုစုသူ ဒေါက်တာအောင်မြင့်ဦးက

> "ကွက်စိပ်သည် အသံနေ၊ အသံထားအမျိုးမျိုးဖြင့် အကွက်စိပ်ဟော ပြောသည့် ပြောဆိုချက်တစ်ရပ် ဖြစ်သည်။ ကွက်စိပ်သည် အပြော မှုဖြစ်သည်။ တစ်နည်းအားဖြင့် အပြောပုံသဏ္ဍာန်တစ်မျိုး ဖြစ်ပါ သည်။ "[၂]

ဟူ၍ ကွက်စိပ်သည် အပြောပုံသဏ္ဍာန်တစ်မျိုးဖြစ်ကြောင်း ဖွင့်ဆိုပြပါသည်။

ကွက်စိပ်၏ မူလအစသည် ဟောစာဖြစ်ပြီး ဟောစာ၏ မူလအစမှာ သာချင်းဖြစ်ကြောင်းလည်း ဒဂုန်နတ်ရှင်က ဤသို့မိန့်ပါသည်။

> "ခေတ်ဟောင်းက သီချင်းများတွင် အပါအဝင်ဖြစ်သော သာချင်း၏ ရေးသားပုံ၊ ပြောဟောပုံတို့ကို အရသာပေါ်အောင် ဖတ်ရှုလေ့လာ ခဲ့ကြ သော ခေတ်အဆက်ဆက်စာဆိုများသည် အဆိုပါ သာချင်း

---

[၁] ခရီးမြန်ဘိ၊ ၂၀၁၃၊ ၃၆။

[၂] အောင်မြင့်ဦး၊ ၂၀၁၆၊ ၂၄၇။

ဟောစာများကို ခံယူ၍ ဆက်လက် ရေးသားခဲ့သည်မှာ များစွာပင် ဖြစ်ပါသည်။ ဦးပုည၏ ဥပကနှင့် ဆာဝါဟောစာသည် ယခုခေတ် တိုင်အောင် ထင်ရှားလျက်ရှိနေသည်။ ဟောစာများကို နောက်ပိုင်း ခေတ်တွင် စာပြောဆရာများက (ကွက်စိပ်ဆရာ) အာဂုံကျက်မှတ်၍ ဟောပြောခဲ့ရာ ကွက်စိပ်ဟောပွဲ သဘင်များကို ယခုတိုင် တွေ့မြင် ကြားသိနိုင်ကြပါသည်။”[၁]

သာချင်းကို လေ့ကျင့်ရွတ်ဆိုရင်း စာဟန်ထက်အပြောဟန်ကဲလာပြီး ဟောစာ ဖြစ်လာသည်။ ထိုဟောစာကို စာပြောဆရာများက အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြန်လည် ဟောပြောခြင်းကို ကွက်စိပ်ဟောသည်။ ထိုသို့ဟောပြောရန် ကြိုတင် ရေးသားထား သည့်စာကို ကွက်စိပ်စာပေဟုဆိုလိုကြောင်း သိမြင်မှတ်သားရပါသည်။

ရတနာပုံဆရာဥသည် မန်းရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး လက်ထက် မှစ၍ ရတနာပုံနေပြည်တော်တွင် စာဟောဆရာ (ကွက်စိပ်ဆရာ) အဖြစ်ထင်ရှားခဲ့ ကြောင်းသိရပါသည်။ ဇာတ်မင်းသားဦးဖိုးစိန်ကြီးက ဆရာဥ၏ အဟောအပြော စွမ်းရည်ကို နှစ်သက်သဖြင့် ဆရာဥထံ တပည့်ခံပြီး သင်ယူဖူးကြောင်းလည်း အမှတ် အသားရှိပါသည်။

မင်းကုသကွက်စိပ်တွင် ရတနာပုံဆရာဥ၏စွမ်းရည်ကို အကဲခတ်နိုင်ရန် ဇာတ် လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံများအပေါ် စာဆိုစိတ်ကူးဖြင့် အပြောက် အမွမ်းပြုခဲ့ပုံကို လေ့လာ တင်ပြသွားပါမည်။

## ၂။ **ကုသဇာတ် ဇာတ်လမ်းအကျဉ်း**

မလ္လတိုင်း ကုသဝတီပြည်တွင် ဩက္ကာကရာဇ်မင်းကြီးနှင့် မိဖုရားသီလဝတီ တို့သည် သားသမီး မထွန်းကားသဖြင့် သားဆုတောင်းရာ သိကြားမင်း ဆုပေး သဖြင့် ကုသမင်းသားနှင့် ဇယမ္ပတိမင်းသား ဟူသော သားတော်နှစ်ပါး ရရှိခဲ့သည်။ အစ်ကိုကြီး ကုသမင်းသည် ဘုန်းတန်ခိုးကြီးပြီး အရုပ်ဆိုးသည်။ ညီငယ်ဇယမ္ပတိ သည် ဘုန်းကံနည်းသော်လည်း ရုပ်ရည် ချောမောလှပသည်။

---

[၁] နတ်ရှင်၊ ဒဂုန်၊ ၁၉၆၇၊ ၄၉၊ ၅၀။

ကုသမင်းသား (၁၆)နှစ်အရွယ်တွင် ထီးနန်းလွှဲလိုသဖြင့် မိဖုရားအရာခိုင်းရာ ကုသမင်းသားက အလွန်လုပသော ရွှေသားရုပ်တုကိုပြုလုပ်ပြီး ရွှေရုပ်လိုချောမောသူကို ရှာဖွေရာ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့တွင် မဒ္ဒရာဇ်မင်း၏ သမီးတော်ရှစ်ပါးအနက် အကြီးဆုံးသမီးတော် ပဘာဝတီကိုတွေ့ပြီး ကုသမင်းနှင့် ပဘာဝတီ လက်ဆက်ကာ ထီးနန်း စိုးစံခဲ့သည်။ ကုသမင်း၏မယ်တော်က သားဖြစ်သူရုပ်ဆိုးသည်ကို ပဘာဝတီ မြင်လျှင် ငြင်းပယ်မည်ကိုစိုး၍ မိမိတို့အမျိုး၌ သားသမီးမရရှိသေးမီ လင်မယားချင်း နေ့အခါ၌ မြင်တွေ့ခွင့်မရှိကြောင်း ပြောဆိုထားသဖြင့် ကုသမင်းနှင့် ပဘာဝတီသည် တစ်ဦးနှင့်တစ်ဦး မမြင်ဖူးကြချေ။

ကုသမင်းသည် ပဘာဝတီကိုမြင်တွေ့လိုသဖြင့် မယ်တော်ထံ ခွင့်တောင်းရာ မယ်တော်က ဆင်တင်းကုပ်၌ခေါ်ပြစဉ် ကုသမင်းက ပဘာဝတီကို ဆင်ချေးတုံးဖြင့် ပေါက်သည်။ နောက်တစ်ကြိမ် မြင်းတင်းကုပ်တွင်လည်း မြင်းချေးတုံးဖြင့် ပေါက်သည်။

တဖန် ပဘာဝတီက ကုသမင်းကို မြင်လိုသည်ဟု ပူဆာသဖြင့် မယ်တော် မိဖုရားကြီးက ညီတော် ဇယမ္ပတိကို ဘုရင်အရာထား၍ ကုသမင်းကို ဆင်ထိန်းအဖြစ် နောက်တော်မှ လိုက်စေသည်။ ဆင်ထိန်း (ကုသမင်း)သည် ပဘာဝတီကို လက်ဟန် အမူအရာဖြင့် လှောင်ပြောင်ခဲ့သည်။

ကုသမင်းသည် ပဘာဝတီကို ထပ်မံမြင်တွေ့လိုသဖြင့် တွေ့ခွင့်တောင်းရာ မယ်တော်က ကုသမင်းကို မင်္ဂလာရေကန်မှစောင့်ခိုင်းပြီး၊ ပဘာဝတီကို ရေကန်ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ ပဘာဝတီ ကန်အတွင်းဆင်း၍ ကြာပန်းခူးချိန်တွင် ကုသမင်းက ကြာရွက်အောက်မှ ထွက်ပြီး လက်ကိုဆွဲထားသည်။ ပဘာဝတီသည် ကုသမင်း၏ ရုပ်လက္ခဏာကိုမြင်ပြီး သတိမေ့မျောသွားခဲ့သည်။ သတိရလာသောအခါ မိမိအထိန်းတော် ခုဇ္ဇာကိုခေါ်ပြီး သာဂလပြည်သို့ ပြန်လာခဲ့သည်။

ကုသမင်းသည် ပဘာဝတီရှိရာ သာဂလပြည်သို့ သိကြားမင်း ပေးသော စောင်းတော်ကိုပိုက်၍ လိုက်လာခဲ့သည်။ ဆင်တင်းကုပ်မှနေ၍ စောင်းတီးလျှင် ကုသမင်းလိုက်လာမှန်း ပဘာဝတီက သိသည်။ ကုသမင်းသည် ပဘာဝတီကိုမြင်ရမည့် နည်းလမ်းကိုရှာရင်း ရှေးဦးစွာ အိုးထိန်းသည်ထံရောက်ပြီး အိုးလုပ်ကာ ပဘာဝတီထံ

ဆက်သည်။ အိုးတွင်ထုခတ်ထားသော ရုပ်ပုံများကိုကြည့်၍ ကုသမင်းလက်ရာမှန်း သိသဖြင့် ပဘာဝတီက လက်မခံခဲ့ပေ။

ကုသမင်းသည် အိုးဖိုမှထွက်၍ ဖျာတော်ဆက်ထံရောက်ပြီး ဖျာရက်၍ ပဘာဝတီထံဆက်ပြန်သည်။ ဖျာပါရုပ်ပုံများကိုကြည့်၍ ပဘာဝတီက ကုသမင်း လက်ရာမှန်းသိ၍ လက်မခံပေ။ ကုသမင်းသည် နောက်ဆုံး၌ စားတော်ချက်ထံ ရောက်ပြီး စားတော်အမျိုးမျိုးကို ချက်ပြုတ်၍ ပဘာဝတီထံ မိမိကိုယ်တိုင်ထမ်းပြီး သွားပို့သည်။ ပဘာဝတီက အတွေ့မခံသောအခါ အိုးခွက်များကို ပစ်ချပြီး ချော်လဲ ဟန်ဆောင်သည်။ ပဘာဝတီထွက်လာသောအခါ တံတွေးကို ခံတွင်း အပြည့်ငုံပြီး ပဘာဝတီ၏ မျက်နှာကိုထွေးသည်။ ပဘာဝတီ စိတ်ဆိုးနာကြည်းသွားပြီး ကုသမင်း ကို အတွေ့မခံတော့ပေ။

ကုသမင်းသည် ပဘာဝတီနှင့် နီးစပ်အောင် ကြိုးစားခဲ့ရာ ခုနစ်လကြာမြင့်ခဲ့ သော်လည်း မနီးစပ်နိုင်ခဲ့ပေ။ ထို့ကြောင့် လက်လျှော့ပြီး ကုသဝတီပြည် ပြန်ရန် ဆုံးဖြတ်လေသည်။ ထိုအခါမှ သိကြားမင်းသိသွားပြီး တမန်ယောင်ဆောင်ကာ ခုနစ် ပြည်ထောင်မင်းတို့အား ပဘာဝတီကို လာရောက် သိမ်းယူရန် သတင်းပါးခဲ့သည်။ မဒ္ဒရာဇ်မင်းကြီးလည်း အကြံရခက်ပြီး သမီးတော် ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်တိုင်းဝေရန် အမိန့်ချခဲ့သည်။

ပဘာဝတီသည် သေဘေးကိုကြောက်ပြီး မယ်တော်ထံသွားရောက် လျှောက် ထားရာ မယ်တော်က ဤကိစ္စသည် ကုသမင်းသာ စွမ်းဆောင်နိုင်ကြောင်းပြောပြီး စားတော်ချက်ထံတွင်ရှိသော ကုသမင်းကိုဝန်ချတောင်းပန်ရန် ပဘာဝတီအား စေလွှတ် ခဲ့သည်။ ပဘာဝတီ၏ ကြည်ဖြူမှုကို ရသောအခါ ကုသမင်းသည် စစ်ဝတ်တန်ဆာဖြင့် ထွက်တိုက်ရာ ခုနစ်ပြည်ထောင်မင်းများကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။ မင်းခုနစ်ပါးအား မသတ်ဘဲ ပဘာဝတီ၏ ညီအစ်မခုနစ်ယောက်နှင့် လက်ဆက်စေကာ တိုင်းပြည် အသီးသီးသို့ ပြန်စေသည်။ ကုသမင်းနှင့် ပဘာဝတီလည်း ပြန်လည် ပေါင်းဖက်ကာ ကုသဝတီ ပြည်သို့ပြန်၍ ထီးနန်းစိုးစံခဲ့လေသည်။

## ၃။ မင်းကုသကွက်စိပ်အပြောက်အမွမ်း

မန်းရတနာပုံနေပြည်တော်ခေတ်တွင်ထင်ရှားခဲ့သော ကွက်စိပ်ဆရာ ရတနာပုံ ဆရာဥ၏ မင်းကုသ ကွက်စိပ် အပြောက်အမွမ်းသဘောကို ဇာတ်လမ်းအပြောက် အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ ကာလဒေသနောက်ခံဝန်းကျင် အပြောက်အမွမ်း ဟူ၍ ကဏ္ဍသုံးခုခွဲ၍ လေ့လာတင်ပြပါမည်။

မူလဇာတ်ဝတ္ထုအဖြစ် ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု၊ သတ္တတိနိပါတ်လာ ကုသဇာတ်ကို အရင်းမူလပြု၍ ထိုဇာတ်အပေါ်တွင် ကွက်စိပ်စာဆို၏ စိတ်ကူးဉာဏ် ကွန့်မြူးကာ အပြောက်အမွမ်းပြုခဲ့ပုံများကို လေ့လာတင်ပြထားပါသည်။

## ၃၊၁။ ဇာတ်လမ်းအပြောက်အမွမ်း

ဘုရားဟောကုသဇာတ်၏ ဇာတ်လမ်းစဉ်ကိုကြည့်လျှင် အဓိကကျသော အပိုင်း (၃)ပိုင်းကို တွေ့ရပါသည်။ ပထမပိုင်းမှာ ကုသမင်းက ပဘာဝတီကို နေ့အခါမြင်လို၍ ပရိယာယ်ဖြင့် ကြည့်ရှုရာမှ ပဘာဝတီက အဖြစ်မှန်သိသွားပြီး ကုသမင်းကိုစွန့်ကာ သာဂလပြည်သို့ပြန်သွားသော အပိုင်းဖြစ်သည်။ ဒုတိယပိုင်းမှာ ကုသမင်းက သာမန်အရပ်သားအသွင်ဖြင့် ပဘာဝတီရှိရာ သာဂလပြည်သို့လိုက်ပြီး ခုနစ်လကြာ ဆင်းရဲဒုက္ခခံ၍ ပဘာဝတီ၏မေတ္တာကို ပြန်လည်ရရှိအောင် ကြိုးစားသောအပိုင်း ဖြစ်ပါသည်။ တတိယပိုင်းမှာ ခုနစ်ပြည်ထောင်မင်းများ၏ အရေးကိစ္စကြောင့် ကုသမင်းနှင့် ပဘာဝတီတို့ ပြန်လည်ပေါင်းဖက်ပြီး ကုသဝတီပြည်သို့ ပြန်သောအပိုင်းဖြစ်ပါသည်။ ဤသုံးပိုင်းတွင် ပထမပိုင်းသည် နေ့အခါမမြင်ဘူးပဲ ညအခါ ပေါင်းဖက်နေကြသော ချစ်သူနှစ်ဦးအတွက် သရုပ်မှန်ပေါ်သွားပြီး ရုပ်လှသူ (ပဘာဝတီ)က ရုပ်ဆိုးသူ (ကုသမင်း)ကို စွန့်ပစ်ခဲ့သောအပိုင်းဖြစ်သည်။ ဇာတ်လမ်းသဘောအရ ကြည့်လျှင် ပရိသတ်၏ သိလိုစိတ်ကို နိုးကြားစေသောအပိုင်း ဖြစ်သည်။

ထိုအပိုင်းကို မူလဇာတ်တော်တွင် အကျယ်မချဲ့ဘဲ ကုသမင်းက တွေ့ခွင့်တောင်းတိုင်း မယ်တော်က စီစဉ်ပေးခဲ့သည်။ ထို့ကြောင့် မယ်တော်နှင့်သားတော်တို့ အားပြိုင်စရာမလို။ မူလ ဇာတ်တော်၌

> "ဘုရားလောင်းလည်း တစ်ဖန်မြင်လိုပြန်သည် ဖြစ်၍ မယ်တော်မိဖုရားကို လျှောက်ထားတောင်းပန်ပြန်၏။ မယ်တော်မိဖုရားကြီးသည် ပယ်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ "ချစ်သား – ထိုသို့ဖြစ်လျှင်ကား မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်တော်သို့ သွားနှင့်လော့" ဟု မိန့်တော်မူ၏" [1]

ဟူ၍ သားတော်အလို ကို အလွယ်တကူလိုက်လျောပေးခဲ့သည်။

[1] ညောင်ကန်။ ၂၀၀၆။ ၃၅၃။

[1] ညောင်ကန်။ ၂၀၀၆။ ၃၅၃။

ကွက်စိပ်တွင် ထူးလာသည်မှာ သားတော်အရုပ်ဆိုးသည်ကို ပဘာဝတီမြင်၍ မဖြစ်နိုင်ကြောင်းပြောပြီး အကြိမ်ကြိမ်ငြင်းဆိုသည်။ နောက်ဆုံး ကုသမင်းက မိမိအရုပ်ဆိုးသည့်အကြောင်းမေးရာ မယ်တော်က ဤသို့ဆိုခဲ့သည်။

> "မှန်လှပါ သားတော်အရုပ်ဆိုးတာဟာ ကြီးခါမှ ဆိုးသလား။ ငယ်ငယ်ထဲက ဆိုးတာလား မယ်မယ်ဘုရား"
>
> "အလိုမောင်အရုပ်ဆိုးတာကြီးခါမှ ထင်ပြီး မိခင်ဖခင်များ အပြစ်ထားအုံးမလို့လား၊ ငါ့သားကို မယ်မယ်ပြောမယ် သဘောကျ နားထောင်နော်၊ မောင့်ရဲ့ဘဝက ကလလရေကြည် ပထမသန္ဓေတည်တော့၊ ရေကစီ အစာမလှမ်းဘဲ၊ အာသာတန်း၍ အစဉ်စွဲလျက်၊ ရင်ထဲက ချင်ခြင်းဖြစ်ပါရော၊ ဘယ်လိုဖြစ်သတုံးဆိုတော့၊ ဘီလူးရုပ်ရေးကြည့်ချင်တယ်။ သရဲအသားကို စားချင်တယ်။ ဘုတ်တစ္ဆေကလေး မွေးချင်တယ်။"[၁]

မယ်တော်က ကုသမင်းကို ကိုယ်ဝန်ဆောင်စဉ်က မိမိ ချင်ခြင်းဖြစ်ရပုံကို ပြောပြီး၊ နန်းတွင်းပုဏ္ဏား ပညာရှိအမတ်များကို မေးရာ "ဘုတ်တစ္ဆေသားဘက်အသွေးကဲ့သို့၊ အနက်ကလေးမွေးမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့ပုံ၊ ကုသမင်းမွေးလာသောအခါတွင်လည်း၊

> "× × × မင်းဆရာပုဏ္ဏား ပြချက်မှန်၍၊ မြကနက်စံသားမောင် ဖွားတော့၊ အပါးဆောင်ထားတဲ့ လက်သည်က၊ အနက်ထည်၊ သားဘက်ဟယ်လို့၊ အတင်းကြောက်ပြီး၊ အချင်းမကောက်ဘဲထွက်ပြေးကြလို့ လက်ဆေးခတောင် မပေးလိုက်ရဘူး သားတော်မောင်ရဲ့"[၂]

ဟူ၍ မီးဖွားပေးသောလက်သည်ပင် ကြောက်ရွံ့ပြီး ထွက်ပြေးရပုံဖြင့် ပဘာဝတီကို သားတော် မကြည့်ချင်အောင် တားမြစ်ခဲ့သည်။

ဤဇာတ်ကွက်သည် ဇနီးချော ဇနီးလှကို နေ့အခါကြည့်လိုသောသားတော်နှင့် သားတော်၏ ရုပ်ရည်ကြောင့် ပဘာဝတီနှင့် မကွဲကွာစေလိုသော မယ်တော်တို့၏

---

[၁] ဉ၊ ဆရာ။ ၂၀၁၆၊ ၁၅၊၁၆။

[၂] ယင်း။ ၁၆။

အားပြိုင်မှုဖြင့် ဇာတ်လမ်းကို ဖွံ့ဖြိုးစေခြင်းဖြစ်ပါသည်။ ပဘာဝတီက ကုသမင်းကို ငြင်းပယ်ရန်အတွက် ခိုင်လုံသောအချက် ဖြစ်စေရုံသာမက စာနာသူပရိသတ် ပွဲကျအောင် ကွက်စိပ်ဆရာက ဖြည့်ပေးသော အပြောက်အမွမ်း တစ်ခုဖြစ်ပါသည်။

ကုသဇာတ်၏ ဒုတိယပိုင်းဖြစ်သော ကုသမင်းစောင်းတော်ပိုက်ပြီး သာဂလပြည်သို့လိုက်ကာ ပဘာဝတီနှင့် နီးစပ်အောင်ကြံစည်ပုံတွင်လည်း ကွက်စိပ်ဆရာ၏ ဖန်တီးမှုတစ်ခုကို ထုတ်ပြချင်ပါသည်။

ကုသမင်း သာဂလပြည်သို့ လိုက်လာသောအခါ သိကြားမင်း ဆက်သော ကောကနဒအမည်ရှိ စောင်းတော်ပါလာခဲ့သည်။ ကုသမင်းသည် ရှေးဦးစွာ ဆင်တင်းကုပ်သို့ သွားပြီး ညအခါ စောင်းတီးခဲ့သည်။ ကုသမင်း၏ စောင်းသံကြောင့် ပဘာဝတီ သိသွားပုံကို မူလဇာတ်တော်၌ ဤသို့ဆိုသည်။

> "ပဘာဝတီသည် မြေ၌လျောင်းလျက် ထိုစောင်းသံကိုကြားလျှင်ကြံ၏။ ဤစောင်းသံသည် တစ်ပါးသောသူ၏ စောင်းသံမဟုတ် မချွတ်လျှင် ကုသမင်းသည် ငါ၏ အလို့ငှာလာ၏ ဟုသိ၏ မဒ္ဒရာဇ်မင်းကြီးသည်လည်း ထိုစောင်းသံကို ကြားတော်မူလျှင် အလွန်လျှင်သာယာစွာ တီးပေ၏။ နက်ဖြန် ထိုစောင်းသမားကို ခေါ်၍ ငါ့အား စောင်းသီချင်းကို ပြုစေအံ့" ဟုကြံ၏။ [၁]

ကွက်စိပ်တွင် ကုသမင်း၏ စောင်းသံကြောင့် သာဂလတစ်ပြည်လုံး အုံးအုံးကြွက်ကြွက်ဖြစ်ပုံ၊ လပြည့်ဥပုသ်နေ့ဖြစ်၍ ဥပုသ်သီလဆောက်တည်မည့် အမေအရွယ် အဘွားအရွယ်များ ကမိခုန်မိပုံ၊ သီလပေးမည့်ဘုန်းကြီးပင် အယောင်ယောင် အမှားမှားဖြစ်ရပုံဖြင့် ဤသို့သရုပ်ဖော်ခဲ့သည်။

> "အလောင်းတော်မဟာကုသမင်းရဲ့ စောင်းသံကြားကြတော့ စိတ်ထဲက ရိုးရိုးရွရွဖြစ်ပြီး ကချင်လာ၊ သိမ်အစ်မကြီးတစ်ယောက်က တတ်နိုင်ပါဘူးဟယ်လို့၊ လင်ပန်းထဲဆန်ထည့် အလယ်က ဆီပုလင်းစိုက် ဘေးကျတဲ့ ဆန်သိမ်းတော့ ယိုးဒယားလက်နဲ့သိမ်းနေ၊ အနားရှိတဲ့ ကျောင်းအစ်မကြီးကလည်း စောင်းသံကြားကထဲက

---

[၁] ညောင်ကန်။ ၂၀၀၆။ ၃၅၉။

စိတ်ပုတီး စိပ်ကာ အနိစ္စမေးဝဲ၊ ဒုက္ခမေးဝဲ၊ မီးဖိုချောင်းထဲက ဇရပ် အမကြီးကတော့ ငရုတ်သီးထောင်းရာက ငရုတ်ကျည်ပွေ့ကြီးကို ကိုင်ပြီး ယိုးဒယားကနဲ့ ထွက်လာ၊ ခေါင်းလောင်း အမက စိမ်းစား ငါးပိ စလောင်းဖုံးထဲထည့်ပြီး ကင်ရာက ယိုးဒယား ကပြီးထွက် လာ”

“သိမ်အစ်မတို့ ဘာလုပ်လုပ်ကြတာတုန်း”

“စောင်းသံကြားလို့ ကသဟေ့”

“ဥပုသ်စောင့်မယ်လို့ဆို ဘာလုပ်ကြတာတုန်း”

ကဆို–ဟောဒီစောင်းသံကြားတော့ မအောင့်နိုင်လို့ကသဟေ့” [၁]

ဟူ၍ ဥပုသ်ယူမည့်သူများ ကခုန်နေကြပုံကို ပြောပြီး၊ သီလပေးမည့် ဘုန်းကြီးပါ စောင်းသံနောက် စီးမျောသွားရပုံကို –

”× × × ဘုန်းကြီးက သီလပေးမယ်လို့ဆင်းလာ၊ လှေခါးနား ဘိုးသူတော် ကလည်းကျပ်ကြီးလွယ်ပြီးကနေ၊ မယ်သီလရှင်ကရပ်ကြည့်ပြီး ဦးသူတော် ဘာလုပ်တာတုံးမေးတော့၊ အသာနေ ငါးပေါက်ကျူးနဲ့ ကသိုဏ်းရှုတာတဲ့၊ ဘုန်းကြီးလည်း ဇရပ်ပေါ်ရောက်သွားတော့ အားလုံးက သီလခံရအောင် လို့ ကန်တော့ကြရော့၊ ဘုန်းကြီးက သီလပေးမယ်လုပ်တုန်း၊ ဗြုန်းဆို စောင်းသံကြားတော့ ဘုန်းကြီးက သီချင်းဆိုချင်လာတာနဲ့ သီလထဲ ရော ပေးလိုက်။”

“အဟံဘန္တေ၊ တိသရဏေန၊ တောင်ယံတောက မောလေအောင်တဲ့”

သည်တော့ ဒါယိကာမကြီးတွေက

“ပဉ္စသီလံ ဓမ္မံယာစာမိ၊ ဘာဘာညာညာ အိုနော်သိပါဘူး
ကိုယ်တော်ကြည့်ပါလို့ တွဲခေါ်ပါတဲ့။” [၂]

ဟူ၍ ကုသမင်းစောင်းသံကိုကြားသဖြင့် ရဟန်းရှင်လူများ အယောင်ယောင်အမှားမှား ဖြစ်ရပုံကို သရုပ်ဖော်ရင်း ဇာတ်လမ်းကို စွဲမက်ဖွယ်ဖြစ်အောင် အပြောက်အမွမ်း ပြုခဲ့ပါသည်။

---

[၁] ဥ၊ ဆရာ။ ၂၀၁၆၊ ၇၈၊ ၇၉။
[၂] ယင်း။ ၇၉၊ ၈၀။

## ၃၊၂။ ဇာတ်ဆောင်အပြောက်အမွမ်း

ကုသဇာတ်တွင် ကုသဝတီဘုရင် သြက္ကာကရာဇ်မင်း၊ မိဖုရားကြီး သီလဝတီ၊ ကုသမင်း၊ သာဂလဘုရင်မဒ္ဒရာဇ်မင်း၊ ပဘာဝတီနှင့် ပဘာဝတီ၏အထိန်းတော် ခုဇ္ဇာ စသည်ဖြင့် ဇာတ်ဆောင် များစွာ ပါဝင်ပါသည်။ ထိုဇာတ်ဆောင်များတွင် အဓိက ဇာတ်ဆောင်နှစ်ဦးမှာ ကုသမင်းနှင့် ပဘာဝတီ ဖြစ်ပြီး ကျန်ဇာတ်ဆောင်များသည် ဇာတ်ပို့ဇာတ်ရံမျှသာ ဖြစ်ပါသည်။

မင်းကုသကွက်စိပ်တွင် အထက်ပါဇာတ်ဆောင်များအပြင် ကွက်စိပ်ဆရာ၏ စိတ်ကူးဖြင့် ဖန်တီးခဲ့သော ဇာတ်ပို့ဇာတ်ရံများလည်း တွေ့ရပါသည်။ ထိုဇာတ်ပို့ဇာတ်ရံများသည် ဇာတ်လမ်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသကဲ့သို့ အဓိက ဇာတ်ဆောင်များ၏ စရိုက်သဘာဝကို ပို၍ အသက်ဝင်လာအောင် ဖန်တီးခဲ့ကြောင်း တွေ့ရပါသည်။ ဤစာတမ်းတွင် အဓိကဇာတ်ဆောင် ကုသမင်းနှင့် ဇာတ်ရံတစ်ဦး ဖြစ်သူ အမေသူ၏ စရိုက်သဘာဝကို ကွက်စိပ်ဆရာ အပြောက်အမွမ်းပြုခဲ့ပုံအား တင်ပြပါမည်။

### ၃၊၂၊၁။ ကုသမင်း

ကုသမင်းသည် ရုပ်ဆိုးသော်လည်း၊ ဘုန်းကံကြီးမားသူဖြစ်သည်။ အတတ်ပညာအလုံးစုံကို မသင်ယူရဘဲ တတ်မြောက်သည်။ သိကြားမင်းပေးသော ကောကနဒ စောင်းတော်ကို ပိုင်သည်။ မူရင်းဇာတ်ဆောင်နှင့် ကွက်စိပ်တွင် ထိုအချက်သည် တူသည်။

ကုသမင်းသည် ပဘာဝတီ သာဂလပြည်သို့ ပြန်သွားသောအခါ ပဘာဝတီကို စွဲလန်း တပ်မက်စိတ်ကြောင့် ပဘာဝတီရှိရာ သာဂလပြည်သို့ စောင်းတော်ပိုက်၍ လိုက်ခဲ့လေသည်။ ထိုအကြောင်းကို မူလဇာတ်တော်တွင်

> "ထိုကုသမင်းအား ပဘာဝတီနှင့်ကင်းသော အလုံးစုံသောနန်းတော်ကို အချည်းနှီးကဲ့သို့ ထင်တော်မူ၏။ ထိုကုသမင်းသည် "ယခုပင် သာဂလမြို့သို့ ရောက်လတ္တံ့" ဟု နှလုံးသွင်းတော်မူ၍ မိုးသောက်သောအခါ မယ်တော်ထံသွား၍ "မိခင် အကျွန်ုပ်သည် ပဘာဝတီကို ဆောင်ယူပါချေအံ့။ မိခင်တို့သည် တိုင်းပြည်ကို ဆုံးမတော်မူရစ်

ပါလော့" ဟုဆို၍ မယ်တော်အား တိုင်းပြည်ကို အပ်နှင်းလိုရကား ....."[၁]

ဟူ၍ ကုသမင်းသည် ပဘာဝတီကို စွဲလန်းတပ်မက်စိတ်ကြောင့် သာဂလပြည်သို့ လိုက်ပါရပုံကို သာမန်မျှသာဖွဲ့သည်။

ထိုအကြောင်းကို ကွက်စိပ်တွင် ကွက်စိပ်ဆရာက

" ××× ကိုယ်ရံတော်အထပ်ထပ်နဲ့ ခားသေနတ်မကြာစွဲပြီး၊ တစ်ခါထဲ အကြိမ်ကြိမ်ဖောက်၍၊ စိန်အမြောက်ဖုံးအတတ်နဲ့၊ ကျုံး ပတ်လျက် သာဂလပြည် ဝိုင်းရတာဖြင့်၊ တစ်ခဏ မဆိုင်းဘဲ ပဘာဝတီကိုရရဲ့တဲ့။ သို့သော်လည်း အရင်းစစ်တော့ အမြစ်မူလ မြေကြီးကဆိုတာလို ငါ့အတွက် သူသွားတာ လူကြားမခံချင်ဘူး။"[၂]

ဟူ၍ မိမိတိုင်းပြည်ရှိ စစ်တပ်နှင့် တိုက်ပြီးယူလျှင် ပဘာဝတီကို အလွယ်ရနိုင်သော်လည်း မတိုက်ချင်၊ မိမိရုပ်ဆိုး၍ မိန်းမပစ်ပြီး ပြန်သွားသည်ကို လူမသိစေချင်သောကြောင့် မိမိတစ်ယောက် တည်း အစွမ်းဖြင့် ပဘာဝတီကို ရအောင်ကြံဆောင်မည်ဖြစ်ကြောင်း ဖွဲ့ခဲ့သည်။ မူလဇာတ်တော် တွင် ကုသမင်းက ထီးနန်းကို မယ်တော်အား လွှဲအပ်ခဲ့ကြောင်းပါသော်လည်း၊ ကွက်စိပ်တွင်မူ ထီးနန်းကို ညီတော်ဇယမ္ပတိအား အိမ်ရှေ့မင်းအရာ အပ်နှင်းပြီး အုပ်ချုပ်စေသည်။ မြန်မာ့ထီးနန်း ဓလေ့နှင့်ကြည့်လျှင် ကွက်စိပ်ကပို၍ ကြောင်းကျိုးဆီလျော်မှုရှိကြောင်းတွေ့ရပါသည်။

ကုသမင်းသည် သာဂလပြည်သို့ လိုက်ကာနီးတွင် လိုက်သင့်မလိုက်သင့် အတွင်းစိတ်ချင်း အားပြိုင်ခဲ့သေးသည်။ ထိုအချက်သည် မူလဇာတ်တော်တွင်မပါ။ ကွပ်စိပ်ဆရာက ဖြည့်ပေးထား သဖြင့် ကုသလမင်း၏စရိုက်သည် ပို၍ ရုပ်လုံးကြွ လာရသည်။ ကုသမင်းက

"အင်း .... ကြည့်စမ်းပါ။ ကုသ – ကုသ၊ ခုဘဝ – သမုဒယအားကြီး လို့ မယားမီးတကယ်တောက်ပါကလား၊ အပယ်ရောက် မာနထန်

---

[၁] ညောင်ကန်၊ ၂၀၀၆။ ၃၅၇။
[၂] ယင်း။ ၅၅။

သာဂလပြန်တဲ့ ပဘာအရေးကြောင့် ခဏာတာကလေး အပျော် မလုနိုင်ဘူး" [၁]

ဟူ၍လည်းကောင်း၊

"တစ်ဦးထံအသစ်ပြောင်းချင်လို့၊ အချစ်ဟောင်းကို မေတ္တာပျက်ပြီး သစ္စာကွက် မာနထန်၊ သာဂလပြည်သူကို တကယ်မုန်းလိုက်ပါ ရော့၊ အပါယ်ရွာဆုံးမည့် ကုသမိုက်ဟာ မလိုက်တာကောင်းပါလိမ့် မယ် မောင့်ကိုယ်လေး။" [၂၂]

ဟူ၍ လည်းကောင်း ပဘာဝတီထံမလိုက်သင့်ကြောင်း ရေးဦးတွေးမိသည်။ သို့သော် မိမိ၏ ဘုန်းကံပညာကိုယုံ၍ ပဘာဝတီကို ယူပြမည့်အကြောင်းကို၊

"ဟယ် .... ဟုတ်ပါရိုးလားကုသရယ်၊ ယောကျ်ားဆိုတာ ငုပ်မိ သဲတိုင်၊ တက်နိုင်ဖျားရောက်တဲ့၊ အလကားမောက်တဲ့ ပဘာဝတီ မြဲသာကီ မင်းကုသကို၊ အဆင်းတစ်ခုမလှ၍ အရုပ်ပျက်တာ ကြောင့် ဖုတ်သားဘက်ကာမပိုင်ဟု၊ ခွာနိုင်အောင် လွှတ်စာမခံ ဘဲ၊ ဇွတ်မသမာဉာဏ်အတင်းသွား၍ သင်းမယား၊ လင်မလုပ်ချင်ကော နင်အဟုတ်နေရမလား × × "[၃]

ဟု အားတင်းခဲ့သည်။ မိမိထံသို့ ပဘာဝတီရောက်ရှိလာပါက တောင်းပန်းရုံနှင့် မကျေနပ်နိုင်ကြောင်းကိုလည်း ဤသို့ဆိုသည်။

"ကညာအလှ မိပဘာရေ၊ ဝီရိယမှာ ဉာဏ်ကူလို့၊ ရန်သူကို လင်လို ပစ်ပေမဲ့၊ နင်မချစ်တဲ့ရက်မှတ်စာနှင့်၊ ကွက်လပ်ပါ ရွှေစာရင်းလုပ် ပြီး ခြေရင်းအလုပ်အသင့်ထား၍ ဝင့်ကြွားတဲ့မာနဉာဏ် ရာဇဒဏ် အတိုးချလို့မို့၊ အစိုးတရ အာဏာပေးတော့၊ ညာတာတာကလေး မတောင်းပန်နဲ့၊ ပြောင်းဆန်၍ သွက်သွက်ခါအောင်၊ စကြာဝဠာ တုန်စေမဟဲ့နော်"[၄]

---

[၁] ဉ၊ ဆရာ၊ ၂၀၀၆။၅၇။

[၂] ယင်း။

[၃] ယင်း။

[၄] ဉ၊ ဆရာ၊ ၂၀၀၆။ ၅၈။

ပဘာဝတီသည် မိမိကိုပစ်သွားသည့်ရက်ကာလအတိုင်း အတိုးချ၍ မိမိခြေရင်းတွင် လုပ်ကျွေး ပြုစုရမည်ဖြစ်ကြောင်းပြောပြီး သာဂလပြည်သို့ ထွက်ခွာသွားလေတော့သည်။

**၃၊၂၊၂။ အမေသူ**

ကုသမင်း သာဂလပြည်သို့ရောက်သောအခါ မြို့စွန်ရှိ မိန်းမတစ်ဦးအိမ်ဝင်ပြီး ခဏတာ နားခိုသည်။ ထိုအကြောင်းကို မူလဇာတ်တော်၌

> "ညစ်နွမ်းသော ဣန္ဒြေရှိသော ခရီးသွားသော ဘုရားလောင်းကုသမင်းကိုလည်း မိန်းမတစ်ယောက်သည် မြင်လေလျှင် ခေါ်စေ၍ ခြေတို့ကိုဆေး၍ အိပ်ရာကိုပေး၏။"[၁]

ဟူ၍ မိန်းမတစ်ဦးဟုသာ ဖော်ပြထားပြီး ထိုမိန်းမ၏စရိုက်ကို မမြင်ရပေ။ ကွက်စိပ်တွင် အမေသူ ဆိုသော မိန်းမကြီး၊ ရှေးအခါက နန်းတွင်းသူအပျိုတော်၊ ယခုအခါ မျက်မမြင်ဒုက္ခိတ၊ သတင်းစကားမှန်သမျှ အရင်းအဖျားမကျန်ရအောင် သိသူ စကားတတ် တရားတတ် မိန်းမကြီးအဖြစ် ဖန်တီးထားသည်။

ကုသမင်းသည် သာဂလပြည်ရောက်လျှင် မြို့စွန်ရှိ မျက်မမြင်အမေသူထံဝင်ပြီး သာဂလမြို့အကြောင်း စုံစမ်းသည်။ ကုသမင်းက မိမိအမည်ကို နေတာက စေတုတ္တရာ၊ အမည်က ရွှေရုပ်ပါဟု မိတ်ဆက်သောအခါ မျက်မမြင်အမေသူက –

> "ဟေ – ရွှေရုပ်ဆိုလျှင် အသရေမနုပ်ပါဘူး၊ ငွေထုပ်ဖို့ တစ်ခါပြင်တော့ကွဲ့၊ မဟာဘုရင်တစ်ဆူမကိုင်မှာ၊ လူမိုက်ကြီးလေးယောက်ရှိသတဲ့ကွယ်၊ တစ်ယောက်က ဆင်ဝန်၊ တစ်ယောက်က အိုးတော်ခေါင်း၊ တစ်ယောက်က ဖျာတော်ဆက်၊ တစ်ယောက်က ပွဲတော်ဆက်ကွဲ့။ နက်နက်နဲနဲ မိုက်မဲတဲ့ လူစုကလား၊ ဇမ္ဗူမှာတုစရာမရှိပါဘူး၊ ယခု မဟာဓိပတိ မင်းသားဘဝမှာ၊ အတွင်းသားကျကျ သခင်နန်းစံဖို့ အပင်ပန်းခံပြီး ကျွေးမွေးပြုစုလာကြတဲ့ အိမ်တော်ပါ

---

[၁] ညောင်ကန်။ ၂၀၀၆ ။ ၃၅၈။

မင်္ဂလာ ကျွန်တော်ရင်းတွေမို့၊ အလွန်အမင်း အထွတ်အမြတ်
ရောက်တော့၊ သူတို့ချီးမြှောက်လို့ အရာတော်ပေးသကိုးကွဲ့၊" [၁]

မျက်မမြင်အမေသူသည် ဆင်ဝန်၊ အိုးတော်ခေါင်း၊ ဖျာတော်ဆက်၊ ပွဲတော်ချက် လေးဦးကို ဘုရင့်အိမ်တော်ပါ ကျွန်တော်ရင်းများဖြစ်သဖြင့် ဘုရင်က ကြံဖန်ချီးမြှောက်ထားပုံ၊ ဆင်ဝန်က ဆင်ဖြူတော်ကို ကြက်နှင့်လဲစားပုံ၊ အိုးတော်ခေါင်းက အိုးငါးပူတင်းလုပ်ပုံ၊ ဖျာတော်ဆက်က ဖျာချော မရက်တတ်သဖြင့် ဖျာကြမ်း (မီးကပ်ဖျာ) ဆက်သပုံ၊ စားတော်ချက်က ဝက်သားငါးဆယ်သားကို ထင်းလှည်းအစည်းနှစ်ဆယ်တိုက်ကုန်အောင် ချက်ပြီး ဝက်သားက လျက်ဆားဖြစ်မှ ဘုရင်ထံ ပွဲတော်အုပ်ပို့ရပုံ စသည်ဖြင့် ဘုရင့်ကျွန်တော်ရင်းကြီး (၄)ဦး အသိဉာဏ်ကင်းမဲ့ပုံ အမြီးအမောက်မတည့်ပုံများကို ကုသမင်းအားပြောပြသည်။

အမေသူသည် ကွက်စိပ်ဆရာ၏ အပြောက်အမွှမ်းအစွမ်းကြောင့် လူမှုဝန်းကျင်တွင် တွေ့မြင်နေကြဖြစ်သော သတင်းစုံ၊ အတင်းစုံ၊ တစ်စိတ် တစ်အိတ်လုပ်ပြောတတ်သူအဖြစ် စရိုက်ပေါ်လွင် လာရပါသည်။

## ၃၊၃။ ကာလဒေသနောက်ခံဝန်းကျင်အပြောက်အမွှမ်း

ကုသဇာတ်သည် ဇာတ်ဆောင်အသားပေးဇာတ်မျိုးဖြစ်၍ ကာလဒေသနောက်ခံဝန်းကျင်အဖွဲ့ အားနည်းပါသည်။ မူလဇာတ်တော်တွင်လည်း ကာလဒေသအဖွဲ့ကို ကုသဝတီပြည်၊ သာဂလပြည် ဟူ၍သာ ဖွဲ့သည်။ အကျယ်တဝင့်မဖွဲ့၊ ကွက်စိပ်တွင်လည်း ကွက်စိပ်ဆရာက မူလဇာတ်တော်အတိုင်းပင် ယူခဲ့သည်။ သာဂလမြို့ သာယာစည်ကားပုံ၊ ကုသဝတီမြို့ စည်ကားပုံစသဖြင့် သရုပ်ပေါ်အောင် ဖွဲ့ဆိုခြင်းမျိုး မတွေ့ရပေ။

မင်းကုသ ကွက်စိပ်တွင် နောက်ခံဝန်းကျင်အပြောက်အမွှမ်းအဖြစ် ကုသမင်း သာဂလပြည်သို့ လိုက်လာခန်းတွင် လမ်းခရီးအခြေအနေကို ကွက်စိပ်ဆရာက ဤသို့ဖွဲ့ပြသည်။

---

[၁] ဥ၊ ဆရာ၊ ၂၀၁၆။ ၆၄။

> "ဤကဲ့သို့ အလောင်းတော် ကုသမင်းသည် သမုဒယမကောင်းတဲ့ အတွက်၊ အကြင်မယားကြောင့် မင်္ဂလာတံခါးက ထွက်လာခဲ့၊ ဘုရားအလောင်းကလည်း အားကောင်းတဲ့အစွမ်းမို့၊ ပတ္တမြားစောင်း ထမ်းပြီး ယမားချောင်း စခန်းက ကုန်းဝနာအတက်၊ ဂမုန်းစကားဝါ ကရမက်နံ့သာမြိုင်၊မဟာ ဂနိုင်တောလမ်းဖြတ်ပြီး၊ မဓောမပန်း တတ်တဲ့ ဝီရိယရှိသလောက်ပြင်းပြီး၊ ကပိလမျောက်မင်းတို့ ရံရွေနဲ့ စံနေတဲ့ ရွှေကျူတောက ပွေထူပြောလမ်း မသာ၍ ပန်းတာကြောင့် တစ်ချက်ညည်းပြီး အထက်ခရီးလမ်းနံဘေး၊ စမ်းအေးလို့နေသာ တော့ မြေကမ္ဗလာကမ်းရိပ်၌ လွမ်းစိတ်နဲ့ ရမ္မက်ပွေ၊ ကျမက်ရည် မခမ်းဘူး၊ အသက်သေခမန်း မယားမကောင်းလို့ ပတ္တမြား စောင်း နဲ့ ဘုရားလောင်း လိုက်တော်မူရ" [၁]

ဤအဖွဲ့သည် မူလဇာတ်တော်၌မပါ။ ကွက်စိပ်ဆရာ၏ စိတ်ကူးသက်သက်ဖြင့် ဖွဲ့ခဲ့ သော ဒေသဝန်းကျင်နောက်ခံ အဖွဲ့တစ်ခုသာ ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ဗုဒ္ဓ၏ဖြစ်တော်စဉ်ကိုပြသော ဇာတကဝတ္ထုများတွင် ကုသဇာတ်တော်သည် ဗုဒ္ဓဘာသာဝင် မြန်မာတို့အထူးနှစ်သက်ကြသော ဇာတ်တော်တစ်ခု ဖြစ်ပါသည်။ ရုပ်ဆင်းအင်္ဂါ မလှပသော်လည်း ဘုန်းတန်ခိုးပညာ ကြီးရင့်သော ကုသမင်းနှင့် ခနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်းသည်ဟု ဆိုသော အချောအလှ မင်းသမီး ပဘာဝတီတို့၏ ဆန့်ကျင်ဘက်အားနှစ်ခုကို ဆွဲငင်စေခြင်းဖြင့် ဖြစ်ပေါ်လာသော ကြောင်းကျိုး ချိတ်ဆက်မှုသည်ပင်လျှင် ဤဇာတ်ကို လူအများ နှစ်သက်သဘောကျ စေသော အချက်ဖြစ်ပါသည်။

လူအများ နှစ်သက်သဘောကျပြီးသော ဇာတ်ကို စာဟောဆရာက (ကွက်စိပ် ဆရာက) ပြန်ဟောသောအခါ စာနာသူပရိသတ်အတွက် စွဲမက်ဖွယ်ဖြစ်အောင် ရှိပြီး ဇာတ်လမ်းကို အပြောက်အမွမ်းပြု၍ လည်းကောင်း၊ မူလရှိပြီး ဇာတ်ဆောင်များကို

---

[၁] ဉ၊ ဆရာ၊ ၂၀၁၆။ ၅၉။

ဖြည့်သင့်တာဖြည့်ပြီး အပြောက်အမွမ်း ပြုခဲ့ပုံကိုလည်းကောင်း ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။

ဇာတ်လမ်းကို အပြောက်အမွမ်းပြုရာတွင် ဇာတ်၏အရေးပါသည့် ဇာတ်ခန်းများကို မူလဇာတ်တော်နှင့်လည်း မလွတ်အောင်၊ ဇာတ်လမ်းအရှိန်လည်း တက်အောင်၊ ပရိသတ်၏ သိလိုဇောလည်း မြင့်လာအောင်ပြုနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇာတ်ဆောင်ကိုအပြောက်အမွမ်းပြုရာတွင် အဓိကဇာတ်ဆောင် ပဘာဝတီ၏ စရိုက်သည် အလှမာန်တက်သူတို့၏ စရိုက်ထက် မပိုသည်ကို တွေ့ရသည်။ ဇာတ်ဆောင်စရိုက်ဖော်ရာတွင် မျက်မမြင်အမေသူ၏စရိုက်သည် အကြွဆုံး၊ အလှုပ်ဆုံး ဖြစ်အောင် ဆရာဉက ဖန်တီးထားသည်။ မူလဇာတ်တော်တွင် ထိုဇာတ်ရုပ်သည် အရေးမပါပေ။ ကွက်စိပ်တွင်မူ စကားတတ်၊ တရားတတ်၊ အတွင်းသိ၊ အစင်းသိ၊ မှန်ရာပြော၍ ရွာပြင်ထုတ်ခံရသော မိန်းမကြီးမျိုး၏စရိုက်ကို ပေါ်လွင်အောင် ဆရာဉက အားထုတ်ထားသည်။

နောက်ခံဝန်းကျင်အဖွဲ့သည် မူလဇာတ်တော်တွင်ပါသည့်အတိုင်းသာ ဖြစ်ပြီး ဆရာဉက အထူးတလည် အပြောက်အမွမ်းမပြုခဲ့ကြောင်း တွေ့ရသည်။ ဇာတ်၏ သဘာဝအရ ဇာတ်ဆောင် အားပြိုင်မှုကို အားပြုသောဇာတ်မျိုးဖြစ်၍ ကာလဒေသ နောက်ခံဝန်းကျင်အဖွဲ့တွင် အားနည်းနေသည့်သဘောဟုလည်း ထင်မိပါသည်။

## နိဂုံး

ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရှေးဟောင်း အနုပညာရပ်များကို နိုင်ငံတော် အစိုးရကဦးဆောင်ပြီး ပြန်လည်ဖော်ထုတ် မှတ်တမ်းတင်နေသောအချိန် ဖြစ်ပါသည်။ နိုင်ငံတော်ကကြီးမှူး၍ ဆိုကရေးတီးပြိုင်ပွဲကြီးတွင် ကွက်စိပ်ပြိုင်ပွဲများ ထည့်သွင်း၍ ကျင်းပပေးနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ကြည်သာ (ပွဲကြိုက်ခင်) စီစဉ်သော ရွှေပုရပိုက် ရွှေနှလုံးသားကွက်စိပ် အစီအစဉ်လည်း ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးနေသည်မှာ ကွက်စိပ်ပညာရပ် အသက်ဆက်ပေးသည့်သဘောဟုပင် မှတ်ယူပါသည်။ အသက်ငင်နေသည့် ကွက်စိပ်စာပေ၏ ကောင်းကွက်လှကွက်များကို ဤစာတမ်းက တစ်စိတ်တစ်ဒေသ ပံ့ပိုးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

## ကျမ်းကိုးစာရင်း

***ခရီးဆောင်မြန်မာအဘိဓာန်***။ (၂၀၁၄)။ နေပြည်တော်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဇော်ဂျီ။ (၁၉၇၈)။ အမှာစာ။ ***ဥမ္မာဒန္တီပျို့***။ ရန်ကုန်။ မြန်မာနိုင်ငံသုတေသနအသင်း။

ညောင်ကန်ဆရာတော်။ (၂၀၀၆)။ ***"ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု (ပဌမတွဲ)"***။ တတိယအကြိမ်။ ရန်ကုန်။ ခင်ချိုထွန်းစာပေ။

နတ်ရှင် (ဒဂုန်–)။ (၁၉၆၇)။ ***စာပေဝတ်ဆံ (၆)***။ ရန်ကုန်။ စာပေဗိမာန်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၆)။ ***"မြန်မာကွက်စိပ်စာပေ"***။ နိုဘယ်–မြန်မာစာပေပွဲတော် (၂၀၁၅)။ ရန်ကုန်။ ရှူဝံစာပေ။

ဥ၊ ဆရာ၊ ရတနာပုံ၊ (၂၀၁၆)။ ***"မင်းကုသကွက်စိပ်"***။ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

**အောင်မင်းနိုင်**

**BA(Q), MA, MRes, PhD**

**ကထိက**

**မြန်မာစာဌာန**

**ရန်ကုန်တက္ကသိုလ်**

**၂၀၁၇ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်**